မသန်စွမ်းသူများဟာ တခြားသောနိုင်ငံသားများနည်းတူ ဆန္ဒမဲပေးခြင်း
အခွင့်အရေးကို တန်းတူ ရပိုင်ခွင့်ရှိနေပါတယ်......
ဒါဟာ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်လည်းဖြစ်ပါတယ်.......
ဒါကြောင့် !!! နိုင်ငံသားတစ်ယောက်တာဝန်ကျေပြွန်ဖို့

မဲပေးကြပါစို့.........



# နိုင်ငံသားတစ်ယောက်တာဝန်ကျေပွန်ဖို့
# မဲပေးကြပါစို့


မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (မီလီ)မှစီစဉ်၍
IFES-Myanmar and USAID မှပံ့ပိုးသည်



# ၁၈နှစ်ပြည့်ပြီးသူနိုင်ငံသားတိုင်း၏တာဝန်

ပြည်လုံးကျွတ် ရွေးကောက်ပွဲများတွင် ပါဝင်ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားတို့ ရရှိထားသည့် အဖိုးတန်ဒီမိုကရေစီ အခွင့်အရေးပင်ဖြစ်ပါသည်။ လူတိုင်း လူတိုင်းသည် မဲပေးခြင်းဖြင့် နိုင်ငံတော်အတွက် အမှန်တကယ် ဦးဆောင် နိုင်မည့် အစိုးရသစ် တင်မြှောက်မှုတွင် ပါဝင်နိုင်ကြမည်ဖြစ်သည်။



# မသန်စွမ်းသူများနှင့် သန်စွမ်းသူနိုင်ငံသားများအတွက် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို အလွယ်တကူ လက်လှမ်းမှီရယူနိုင်သည့် အရင်းအမြစ်များ

## ★ မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (ရုံးချုပ်)


အမှတ် (၁၇)၊ သာယာအေးလမ်း၊ ၃ရပ်ကွက်

မရမ်းကုန်းမြို့နယ်၊

ရဲရန်အောင်မှတ်တိုင်အနီး

မရမ်းကုန်းမြို့နယ်

ရန်ကုန်မြို့။

Ph:+959-450067247,01-661969, 01-9669133

Website: www.myanmarili.org

<http://www.myanmarili.org>,

Page: www.facebook.com/myanmarili

<http://www.facebook.com/myanmarili>

## ★ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက် ကွန်ယက်

(MERIN- Myanmar Electoral Resource and Information Network)
အခန်းအမှတ် (B-၂)၊ ၆-လွှာ၊ (စိန်ဂေဟာ အပေါ်ထပ်)
လှည်းတန်း၊ စန္ဒာမြိုင်ကွန်ဒို၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Phone: + 95-9-263 133 861-2
E-mail: info.merinonline@gmail.com

★ **UEC Election Information center**

ရွှေလီလမ်း ၊ ရန်ကုန်မြို့။

★ **ရောင်ခြည်သစ်**

အမှတ် ၉ ၊ ဦးစံညွန့်လမ်း ၊ စမ်းချောင်းမြို့နယ် ၊
ရန်ကုန်မြို့ ။ ဖုန်း - ၀၉-၄၉၈၅၃၃၃၇

★ **ဖန်တီးအိမ်**

အမှတ်- V, 16 ၊ ၄ဂါ ( ၆ ) လမ်း ၊ မြကန်သာအိမ်ရာ ၊
( ၅ ) ရပ်ကွက် ၊လှိုင်မြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း - ၀၁-၅၃၀၁၆၅ ။

## ရွေးကောက်ပွဲများတွင် မဲပေးခွင့်မရှိသည့်ပုဂ္ဂိုလ်များ

- သာသနာ့ဝန်ထမ်းများ။

- ထောင်ဒဏ်ကျခံနေရသူများ။ (အချုပ်ခန်းတွင် ထိန်းသိမ်းခံထားရသော်လည်း တရားရုံးကစီရင်ချက် မချသေးသူများနှင့် ထောင်မှ လွတ်ပြီးသူများတွင်မူ မဲပေးခွင့်ရှိသည်)



- စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ။(ရပ်ကွက်/ကျေးရွာအုပ်စုအရာရှိများမှ ဆေးမှတ်တမ်းများအရ ဆုံးဖြတ်သတ်မှတ် ပေးနိုင်သည်)
- လူမွဲအဖြစ် ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ။
- ရွေးကောက်တင်မြှောက်ခြင်း ဥပဒေအရ တားမြစ်ခံထားရသူ။
- နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ။
- မဲဆန္ဒရှင်စာရင်းတွင် အမည်မပါဝင်သူများ။

## မဲဆန္ဒနယ်၏ပြင်ပတွင်ရောက်ရှိနေကြသော

1. တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စု ဝင်များ။
2. နိုင်ငံ့ဝန်ထမ်းများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေကြသူများ။
3. မိမိ၏မဲဆန္ဒနယ်ပြင်ပရှိ ကျောင်းသားများနှင့် သင်တန်းသားများ။
4. မိမိ၏ မဲဆန္ဒနယ်ပြင်ပရှိ အချုပ်ခန်းတွင် အချုပ်ကျနေသူများ။
5. မိမိ၏ မဲဆန္ဒနယ်ပြင်ပရှိ အစိုးရနှင့် ပုဂ္ဂလိကဆေးရုံဆေးခန်းများတွင် တက်ရောက်ကုသနေကြသည့် အတွင်းလူနာများ။
6. နိုင်ငံခြားသို့ တရားဝင်ရောက်ရှိနေကြသူများ။

အထက်ပါမဲဆန္ဒရှင်များသည် ရောက်ရှိနေသည့်နေရာ၌ ဆန္ဒမဲပေးလိုပါက မိမိတို့နှင့်သက်ဆိုင်သည့် ကြီးကြပ်သူများထံမှ ပုံစံ ၁၅ ကိုတောင်းယူဖြည့်စွက်ပြီး သတ်မှတ်သည့် နေ့ရက်အတွင်း သက်ဆိုင်ရာသို့ ပြန်လည်ပေးအပ်ရမည်။

## မဲဆန္ဒနယ်အတွင်းရှိ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူများ

1. မိမိမဲဆန္ဒနယ်၏ပြင်ပသို့ ခရီးဝေးသွားရောက်ရန်ရှိသူများ၊
2. အသက်အရွယ်ကြီးရင့်ခြင်း သို့မဟုတ် မီးဖွားခြင်း၊
3. မဲဆန္ဒနယ်အတွင်း အချုပ်ကျနေသူများ၊
4. မဲဆန္ဒနယ်အတွင်းရှိ ဆေးရုံများတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသနေသူများ၊
5. ရွေးကောက်ပွဲတာဝန်ဖြင့် မိမိ၏မဲဆန္ဒနယ်အတွင်းမှ အခြားဒေသသို့ သွားရောက်မည့်သူများ၊
6. ခရီးသွားရောက်ရန်ရှိသည့် ဌာနဆိုင်ရာအကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊

အထက်ပါမဲဆန္ဒရှင်များသည် အခက်အခဲအမျိုးမျိုးကြောင့် မိမိတို့ကိုယ်တိုင် မဲရုံသို့ သွားရောက်၍ မဲမပေးနိုင်ပါက မိမိတို့နေအိမ်၌ပင် ကြိုတင်မဲပေးနိုင်ပါသည်။ ရွေးကောက်ပွဲမတိုင်မီ နှစ်ရက်အလို၌ ကြိုတင်၍ မိသားစုဝင်တစ်ဦးဦးက ရပ်ကျေးကော်မတီသို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲပေးလိုကြောင်း အကြောင်းကြား နိုင်သည်။ (ပုံစံ ၁၅ဖြင့်လျှောက်ထားရန် မလိုပါ)

(မသန်စွမ်းသူများသည် ဆန္ဒအလျောက် ကိုယ်တိုင်သွားရောက်မဲပေးလိုပါက မဲပေးနိုင်ခွင့်ရှိသည်)

**မဲဆန္ဒရှင်သည် တိုင်းရင်းသားမျိုးနွယ်စု လွှတ်တော်ကိုယ်စားလှယ်အတွက် ဆန္ဒမဲ ပေးရမည့် အမည်စာရင်းတွင် ပါဝင်နေပါက ဆန္ဒမဲလက်မှတ် (၄)စောင် ပေးရမည် ဖြစ်ပြီး၊ တိုင်းရင်းသားမဟုတ်သည့် မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲလက်မှတ် (၃)စောင် ပေးရမည်ဖြစ်သည်။**

ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲလက်မှတ်တစ်စောင်ရရှိမည်ဖြစ်ပြီး ကျောဘက်အရောင်မှာ **အစိမ်းရောင်** ဖြစ်သည်။

အမျိုးသားလွှတ်တော်အတွက် ဆန္ဒမဲလက်မှတ်တစ်စောင်ရရှိမည်ဖြစ်ပြီး ကျောဘက်အရောင်မှာ **အပြာရောင်** ဖြစ်သည်။

တိုင်းဒေသကြီး /ပြည်နယ်လွှတ်တော်အတွက် ဆန္ဒမဲလက်မှတ်တစ်စောင် ရရှိမည်ဖြစ်ပြီး ကျောဘက် အရောင်မှာ **ခရမ်းရောင်** ဖြစ်သည်။

တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ အတွက်ဆန္ဒမဲလက်မှတ်၏ ကျောဘက်အရောင်မှာ **အဖြူရောင်** ဖြစ်သည်။

## ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် လုပ်ဆောင်ရမည့် အကြံပြုချက်များ

၁။ မဲဆန္ဒရှင်များအနေဖြင့် မှတ်ပုံတင်ကတ်ပြား/ မဲဆန္ဒရှင်သက်သေခံကဒ်ပြား ယူသွားရမည် ဖြစ်ကာမဲစာရင်းတွင် မိမိ၏ အမှတ်စဉ် ပါ/မပါ စစ်ဆေးပါ။

၂။ နိုင်ငံရေးပါတီတစ်ခုခု၏ အမှတ်အသား (သို့မဟုတ်) သင်္ကေတများ ရိုက်နှိပ်ထားသည့် အဝတ်အစား ဝတ်ဆင်ခြင်း၊ ထိုသို့သော သင်္ကေတအမှတ်အသား စတေကာများကို ခန္ဓာကိုယ်ပေါ်တွင် ကပ်ထားခြင်းမျိုး ရှောင်ကြဉ်ပါ။

၃။ မဲရုံတွင် စနစ်တကျ တန်းစီပါ။ (သက်ကြီးရွယ်အို၊ကိုယ်ဝန်ဆောင်မိခင်များနှင့် မသန်စွမ်းသူများ၊ ကြာရှည်ရပ်စောင့်ရန် အခက်တွေ့ကြုံရပါက သက်ဆိုင်ရာမဲရုံ ဝန်ထမ်းများထံ အကူအညီ တောင်းယူနိုင်သည်။

၄။ မဲရုံအတွင်းသို့ တစ်ယောက်ပြီးမှတစ်ယောက် ဝင်ပါ။ သို့မဟုတ် မဲရုံစေတနာ့ဝန်ထမ်း၏ ညွှန်ကြားချက်ကို လိုက်နာပါ။

၅။ ရယူထားသည့် ဆန္ဒမဲလက်မှတ်အားလုံးကို သက်ဆိုင်ရာမဲပုံးများ အသီးသီးအတွင်း ထည့်ရန် မမေ့လျော့ရပါ။


၆။ မဲလက်မှတ်များအား မဲရုံပြင်ပသို့ ယူဆောင်သွားခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းပင် ဖြစ်ပါသည်။

၇။ တစ်စုံတစ်ဦးက မိမိအား မည်သည့်ကိုယ်စားလှယ်လောင်းကို မဲပေးခဲ့သနည်းဟု မေးမြန်းခဲ့ပါက မဖြေပါနှင့်။

၈။ မိမိအနေဖြင့် မည်သည့်ကိုယ်စားလှယ်လောင်းအား မဲပေးခဲ့သည်ကို အခြားသူများအား ကျယ်လောင်စွာ မပြောကြားပါနှင့်။ ယင်းသို့သော အပြုအမူမျိုးကို မဲဆွယ်စည်းရုံးခြင်းဟု သတ်မှတ်ပေရာ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းပင် ဖြစ်ပါသည်။

## မိမိ၏ ဆန္ဒမဲအား ပယ်မဲ မဖြစ်စေရန် သိရှိထားသင့်သည့်အချက်များ....


## ခိုင်လုံသည့် ဆန္ဒမဲပုံ




★ မိမိက တံဆိပ်နှိပ် မဲပေးချိန်တွင် တံဆိပ်တုံး မှင်ကုန်သွားပါက မဲရုံဝန်ထမ်းအား အကြောင်းကြားပါ။

(အကြိမ် ၅၀၀၀ ထိစမ်းသပ်ပြီးဖြစ်သည်)

# မခိုင်လုံသည့် ဆန္ဒမဲပုံ




★ ဆန္ဒမဲလက်မှတ်သည် စုတ်ပြဲခြင်း သို့မဟုတ် စွန်းထင်းခြင်းတို့ ဖြစ်နေပါက မဲရုံအရာရှိကို ပြသပြီး ဆန္ဒမဲလက်မှတ် အသစ်တစ်စောင် ထပ်မံတောင်းခံရမည်။

## အသက် ၁၈နှစ်ပြည့်ပြီးသူ မသန်စွမ်းသူမဲဆန္ဒရှင်များ အဆင်ပြေလွယ်ကူစွာ မဲပေးနိုင်ရေးအတွက် လိုအပ်သော ကူညီပံ့ပိုးမှုများ......

### ကိုယ်အင်္ဂါ မသန်စွမ်းသူများအတွက်



★ ဘီးတပ်ကုလားထိုင် အသုံးပြုသူအတွက် မဲရုံ အဝင်၊အထွက် လမ်းများတွင် ဆင်ခြေလျော လမ်းများ ပြုလုပ်ထားရှိရန် လိုအပ်သည်။

★ ဆင်ခြေလျောလမ်းများသည် မတ်စောက်မှု မရှိစေရန် မဲရုံလုပ်သားလက်စွဲစာအုပ် လမ်းညွှန်ပါ အချိုးအစားအတိုင်း ဖန်တီးထားရန် လိုအပ်သည်။



★ မဲပုံးတင်သော စားပွဲခုံ၏ အမြင့်မှာ (၃) ပေထက် မမြင့်မားစေရန် လိုအပ်သည်။

★ လျှို့ဝှက်မဲပေးခန်းအတွင်းရှိ စာရေးစားပွဲခုံ၏ အမြင့်မှာ (၃) ပေထက် မမြင့်မားစေရန် လိုအပ်သည်။

★ မဲပေးရန်အသုံးပြုသည့် တံဆိပ်တုံးကို ကုလားထိုင်ပေါ်မှ ထိုင်လျက် လှမ်းယူနိုင်သည့် အနေအထားတွင် ချိတ်ဆွဲထားရန် လိုအပ်သည်။

★ မဲရုံအတွင်းမဲဆန္ဒရှင်များဖြင့် ပြည့်နက်နေချိန်များတွင် အားပြုကိရိယာ အသုံးပြု၍ လမ်းလျှောက်ကြသူများကို ဂရုစိုက်ရန် လိုအပ်သည်။





## အမြင်အာရုံ မသန်စွမ်းသူများ(မျက်မမြင်)အတွက်

★ လမ်းလျှောက်တုတ်ကို (ညာ) လက်ဖြင့် ကိုင်တွယ် အသုံးပြုလေ့ရှိသည်။

★ အဖော်တစ်ဦး၏ လက်မောင်းကို ကိုင်တွယ်၍ လမ်းလျှောက်သည်။

★ အကူလူမပါလျှင် သင်၏ လက်မောင်းတစ်ဖက်ကို ဆွဲကိုင် လမ်းလျှောက်နိုင်ရန် ခွင့်ပြုပါ။

★ မဲလက်မှတ် ထုတ်ယူရာတွင် ဘောပင်ကိုင်၍ လက်မှတ် ရေးထိုးနိုင်စွမ်း မရှိပါ။

★ မဲပြားအရောင်နှင့် မည်သည့်မဲပုံးအတွက် ဖြစ်ကြောင်းကို ရှင်းပြရန် လိုအပ်သည်။





★ ကိုယ်စားလှယ်လောင်းများ၏ အမည်များကို ရှင်းလင်းပြတ်သားသည့် အသံဖြင့် ဖြေးညှင်းစွာ ဖတ်ပြရန် လိုအပ်သည်။

★ မဲရုံမှူးလက်မှတ် ပါ/မပါကို ကိုယ်တိုင်စစ်ဆေးနိုင်စွမ်း မရှိပါ။


★ မဲလက်မှတ်မည်ကဲ့သို့ ခေါက်လိုက်သည်ကို ၎င်း၏ လက်ဖြင့်စမ်းသပ်ခိုင်းရန် လိုအပ်သည်။

★ မဲပုံးအတွင်းသို့ ကိုယ်တိုင်လက်ဖြင့် စမ်းသပ်ထည့်သွင်းနိုင်ရန် ညွှန်ပြပေးရန် လိုအပ်သည်။

★ မဲရုံအတွင်း၊ အပြင်ရှိလှေကားထစ်များ/ဆင်ခြေလျှောများ၊ တစ်စုံတစ်ရာဖြင့် ထိခိုက်နိုင်ဖွယ် ရှိပါက ကြိုတင်အသိပေးရန် လိုအပ်သည်။



## အကြားအာရုံ မသန်စွမ်းသူများအတွက်



★ မဲရုံ၏ မြင်သာသော နေရာများတွင် မဲရုံ အနေအထား လမ်းညွှန်များအား ရှင်းလင်းပြတ်သားစွာ ရေးဆွဲ ပြသထားပေးရန်။

★ မဲရုံအတွင်း မဲပေးသည့်လုပ်ငန်းစဉ် အဆင့်ဆင့် ဖော်ပြထားသော သရုပ်ဖော် ပိုစတာများ ကပ်ထားပေးရန် လိုအပ်သည်။





★ သိရှိလိုသည်များကို မေးမြန်းနိုင်ရန် စာရွက်ဖြူ နှင့် ခဲတံများ ထားရှိပေးရန် လိုအပ်သည်။

★ နှုတ်ခမ်းလှုပ်ရှားခြင်းကို နားလည်သူ ဖြစ်ပါက ၎င်းနှင့် မျက်နှာချင်းဆိုင် အနေအထားမှ ဆက်သွယ် စကားပြောရန် လိုအပ်သည်။

★ လက်သင်္ကေတ ဘာသာစကားဖြင့် ဆက်သွယ်ရန် လိုအပ်သည်။

★ နောက်ကျောဘက်မှ ဟစ်အော် ပြောဆိုခြင်းမျိုး မပြုလုပ်ရန် လိုအပ်သည်။

★ ပြောဆိုဆက်သွယ်ရာတွင် စိတ်ရှည်ရပါမည်။

# ဉာဏ်ရည်မသန်စွမ်းသူများအတွက်

★ ဉာဏ်ရည်မသန်စွမ်းသူများနှင့် စိတ်ပေါ့သွပ်သူများကို ခွဲခြားနားလည်ရန် လိုအပ်သည်။



★ မဲပေးခွင့်ရရှိထားသော ဉာဏ်ရည်မသန်စွမ်းသူများ၏ မဲပေးခွင့်ကို တားမြစ်ပိတ်ပင်ခြင်း မပြုမိစေရန် လိုအပ်သည်။

★



## မသန်စွမ်းသူများအား ထိရောက်စွာ အကူအညီပေးနိုင်ရန် အကြံပြုချက်များ

❖ မည်သည့် မသန်စွမ်းသူကိုမဆို အကူအညီရယူရန် လိုအပ်မှုရှိပါသလားဟု စတင်မေးမြန်းပေးပါ။

❖ ထူးဆန်းသောလူများအဖြစ် ထင်မှတ်ခြင်း၊ ကြည့်ရှုခြင်း၊ ပြောဆိုခြင်းမျိုး မပြုမိစေရန် လိုအပ်သည်။

❖ မသန်စွမ်းမှုကိုအကြောင်းပြု၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိမပေးမိစေရန် လိုအပ်သည်။

❖ မသန်စွမ်းသူများသည်လည်း လေ့လာသူစောင့်ကြည့်သူများထဲတွင် ပါဝင်နိုင်သည်။

❖ မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများမှလည်း သူတို့ယုံကြည်စိတ်ချရသော ကူညီမည့်သူများကို နားလည်အောင် ရှင်းပြပေးရမည်။

★ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အမြင်အာရုံမသန်စွမ်း၊ အကြားအာရုံမသန်စွမ်း၊ ညဏ်ရည်မသန်စွမ်းသူများနှင့် မသန်စွမ်းမှုပြင်းထန်သူ မဲဆန္ဒရှင်များ ကိုယ်တိုင်အစဉ်ပြေလွယ်ကူစွာ မဲပေးနိုင်ရေးအတွက် တူညီသည့် မဲရုံရှိ မဲစာရင်းတွင် အမည်စာရင်းပါဝင်နေသူ (၄င်းတို့ကိုယ်တိုင်စိတ်ချယုံကြည်ရသူ) တစ်ဦးအား အကူလူအဖြစ် ရွေးချယ်၍ မဲရုံအတွင်းသို့ အတူခေါ်ဆောင်သွားခွင့် ပြုထားပြီးဖြစ်ပါသည်၊

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ လက်မှတ်ရေးထိုး အတည်ပြုထားသည့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ပါ မသန်စွမ်းသူများ၏ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ အခွင့်အရေးများ...**

စာချုပ်အပိုဒ်-၂၉

- စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ နိုင်ငံရေးနှင့်ပြည်သူ့ရေးရာ နယ်ပယ်များတွင် အများနည်းတူ ပါဝင်ဆောင်ရွက်ခွင့်ရရှိမှု သေချာစေရန် အာမခံ စီမံဆောင်ရွက် ပေးရမည်။
- မသန်စွမ်းသူများ၏ တန်းတူမဲပေးပိုင်ခွင့်နှင့် ကိုယ်တိုင်ရွေးချယ်ခံပိုင်ခွင့်ရရှိမှု သေချာစေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

က) မဲပေးရေးလုပ်ငန်းအစီအစဉ်များ၊ အကူအညီပေးမှုများနှင့် မဲရုံအပါအဝင် အသုံးအဆောင် ပစ္စည်းများသည် မသန်စွမ်းသူများအတွက် သင့်လျော်လက်လှမ်းမီ အဆင်ပြေစေသည့် အနေ အထား ဖြစ်စေရမည်။

ခ) ရွေးကောက်ပွဲနှင့် ပြည်သူဆန္ဒခံယူပွဲတို့တွင် မသန်စွမ်းသူများအား လျှို့ဝှက်ဆန္ဒမဲပေးနိုင်သည့် အခွင့်အရေးကို ခြိမ်းခြောက်ခံရခြင်းမရှိစေဘဲ ဆောင်ရွက်နိုင်ရန် ကာကွယ်ပေးရမည်။

ဂ) မသန်စွမ်းသူများအနေဖြင့် မဲထည့်ရာတွင် ၎င်းတို့စိတ်ကြိုက် ရွေးချယ်ခေါ်ဆောင်လာသော ပုဂ္ဂိုလ်၏ အကူအညီဖြင့် မဲထည့်ခြင်းကို ခွင့်ပြုရမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ သဘောတူထားသည့် မသန်စွမ်းသူများဆိုင်ရာ အာဆီယံ ဆယ်စုနှစ်လုပ်ငန်းစဉ်နှင့် ဘာလီကြေငြာချက်ပါ နိုင်ငံရေးနယ်ပယ်တွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ခွင့်ဆိုင်ရာ အခွင့်အရေးများ...**

အာဆီယံဦးစားပေးလုပ်ငန်းစဉ်-၆

- "မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ ကိုယ်တိုင် ဆန္ဒမဲပေးခွင့်နှင့် ရွေးကောက်ခံပိုင်ခွင့် အပါအဝင် နိုင်ငံရေးနယ်ပယ်တွင် အပြည့်အဝပါဝင်လာနိုင်စေရေး သေချာစွာစီမံ ဆောင်ရွက်ပေးရန်"

မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ
အခန်း၈ အပုဒ် ၂၉၊ ၃၀

အပုဒ် ၂၉။ ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မသန်စွမ်းသူတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်အတွက် လျှို့ဝှက်ဆန္ဒမဲပေးခွင့် ရှိသည်။

အပုဒ် ၃၀။ မသန်စွမ်းသူနိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

သင့်မှာ နိုင်ငံသားမှတ်ပုံတင်ကဒ်ပြားမရှိဘူးဆိုရင်တောင် သင်၏

အမည် မဲစာရင်းမှာ ပါနေပြီဆိုရင် သင့်မှာမဲပေးနိုင်တဲ့အခွင့်အရေးရှိပါတယ် ......

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှလည်း မဲစာရင်းမှာ ပါဝင်နေသူများ

မဲပေးခွင့် မဆုံးရှုံးရလေအောင် ရွေးကောက်ပွဲမတိုင်မီ တပတ်အလိုမှာ မဲဆန္ဒရှင်

သက်သေခံ ကဒ်ပြားများကို ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ် ..........

